FNILife
FIRST NATIONAL LIFE INSURANCE CO., LTD.

# စုပေါင်းအသက်အာမခံ

ကုမ္ပဏီများ၊ ဌာနဆိုင်ရာများ၊ စက်ရုံများမှ ဝန်ထမ်းများ နှင့် အလုပ်သမားများအတွက် ကိုယ်တိုင်ဖြစ်စေ၊ အလုပ်ရှင်မှဖြစ်စေ စုပေါင်းထားနိုင်သော အသက်အာမခံအမျိုးအစားဖြစ်ပြီး ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်း နှင့် သေဆုံးခြင်းများအတွက် လျော်ကြေး အထောက်အပံ့ ရရှိနိုင်ပါသည်။

**အာမခံထားခွင့်ရှိသူ** - အသက် (၁၈) နှစ် မှ (၆၅) နှစ်အထိရှိဝန်ထမ်းများ
အနည်းဆုံးအလုပ်သမား (၅) ဦး (သို့မဟုတ်) (၅) ဦးနှင့်အထက်ရှိရပါမည်။

**အာမခံထားငွေ** - အလုပ်သမားတစ်ဦးလျှင် အနည်းဆုံး ကျပ် (၁၀,၀၀၀) မှ အများဆုံး ကျပ်သိန်း (၅၀၀) အထိ

**အာမခံသက်တမ်း** - (၁)နှစ်

**ပရီမီယံနှုန်း** - အာမခံထားငွေ၏ (၁%)

**စုပေါင်းအသက်အာမခံထားခြင်းအားဖြင့် ရရှိနိုင်သောအကျိုးခံစားခွင့်များမှာ**

အလုပ်သမားတစ်ဦးထိခိုက်ဒဏ်ရာရလျှင် အောက်ပါအတိုင်းလျော်ကြေးရရှိပါမည်။

| စဉ် | ဒဏ်ရာ | ရပိုင်ခွင့်(အာမခံထားငွေပေါ်တွင်) |
|---|---|---|
| ၁ | ထာဝစဉ်မသန်စွမ်း၍လုံးဝအလုပ်မလုပ်ကိုင်နိုင်ခြင်း | ၁၀၀% |
| ၂ | မျက်စိတစ်ဖက်လုံးဝကွယ်ခြင်း | ၅၀% |
| ၃ | လက်တစ်ဖက်လုံးဝပြတ်ခြင်း | ၅၀% |
| ၄ | ခြေတစ်ဖက်လုံးဝပြတ်ခြင်း | ၅၀% |
| ၅ | နားတစ်ဖက်လုံးဝပင်းခြင်း | ၂၅% |
| ၆ | လက်တစ်ဖက်ကျိုးခြင်း | ၂၅% |
| ၇ | ခြေတစ်ဖက်ကျိုးခြင်း | ၂၅% |

အထက်ဖော်ပြပါဒဏ်ရာများမှအပ အခြားထိခိုက်ဒဏ်ရာများအတွက် ဆရာဝန်၏ထောက်ခံချက်အရ သတ်မှတ်ရာခိုင်နှုန်းဖြင့်ပေးလျော်ပါမည်။

**သေဆုံးခြင်း**

အလုပ်သမားတစ်ဦး အာမခံသက်တမ်းအတွင်း သေဆုံးပါက အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းခံရသူထံထုတ်ပေးပါမည်။

**စည်းကမ်းချက်များ**

- အသက် (၄၅) နှစ် အထက်အလုပ်သမားများ နှင့် အာမခံထားငွေကျပ် (၁၀) သိန်းနှင့်အထက် အလုပ်သမားများ ဆေးစစ်ရပါမည်။
- (၁) နှစ်အတွက် ကျသင့်ပရီမီယံကို တစ်ကြိမ်တည်း ပေးသွင်းရပါမည်။
- အလုပ်သမားပြောင်းရွှေ့/နုတ်ထွက်လျှင် အခြားတစ်ဦးကို အစားထိုးနိုင်ပါသည်။
- မိမိကိုယ်ကို သတ်သေခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ဒဏ်ရာရခြင်း နှင့် သေဆုံးခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသော ဒဏ်ရာနှင့် မိမိကိုယ်တိုင် ဒဏ်ရာရအောင်ပြုလုပ်ခြင်းမှ ရရှိသောဒဏ်ရာများအတွက် လျော်ကြေးအကျုံးမဝင်ပါ။
- အလုပ်ခွင်မှအပြီးထွက်သွားလျှင်သော်လည်းကောင်း၊ ထုတ်ပယ်ခြင်းခံရလျှင်သော်လည်းကောင်း ထိုနေ့မှစ၍နောက်ပိုင်း ဖြစ်ပေါ်လာသော ဒဏ်ရာရခြင်း/သေဆုံးခြင်းများအတွက် လျော်ကြေးအကျုံးမဝင်ပါ။

**အာမခံထားရှိလိုပါက**

FNI (Life) ရုံးချုပ် နှင့် ရုံးခွဲများသို့လည်းကောင်း၊ FNI (Life) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အာမခံ ကိုယ်စားလှယ်များသို့လည်းကောင်း ဆက်သွယ်၍ အာမခံထားရှိနိုင်ပါသည်။